တရားမပုံစံအမှတ် ၉၄ ပြန်သွင်းရန်

**ရောင်းချရန်ကြော်ငြာစာ**

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

**ညောင်ဦးခရိုင် တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ ဒေါ်ရီမှုအမှတ်-၁၇**

| | | | |
|---|---|---|---|
| **မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(ညောင်ဦးဘဏ်ခွဲ) (၎င်း၏ကိုယ်စားဘဏ်ခွဲမန်နေဂျာဦးဇော်လင်းထွန်း)** | နှင့် | | **၁။ ဦးဝေယံလင်း(ခ)ဦးရန်နိုင်ဆွေ**<br>**၂။ ဦးစိုးမင်းသန်း** |
| ဒီကရီအနိုင်ရသူ | | | တရားရှုံးများ |

ညောင်ဦးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၃၀/၂၀၂၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၂) ရက်**၊ နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှ သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေ အကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီ လ ( ၁၅ )ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တရားရုံး

(သီတာနွယ်)
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

**ပစ္စည်းစာရင်း**

ညောင်ဦးမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကွင်းအမှတ်(၁၅၁၇)၊ အကွက်အမှတ်-ဝက်ကြီးအင်းအရှေ့၊ မြေကွက် အမှတ်-၃ ဖ/၆၄ ၊ ဧရိယာ(၀.၀၉၇)ဧက အကျယ်အဝန်းရှိ မြေကွက်၏ မြေငှားဂရန်အမှတ်တွဲအမှတ်-၁၂၄/N/၂၀၁၈ ဖြင့် ရရှိထားသော ဦးဝေယံလင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအားလုံး။

**လေလံတင်ကြမ်းခင်းဈေး**

**ကျပ်သိန်း (၁၈၀၀/-) (ကျပ်သိန်းတစ်ထောင့်ရှစ်ရာတိတိ)**

**ရောင်းချရန်ကြော်ငြာစာကပ်ရန်**

၁။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ ။
၂။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊
၃။ ညောင်ဦးခရိုင်တရားရုံး၊ ကြော်ငြာသင်ပုန်း။
၄။ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ကြော်ငြာသင်ပုန်း။
၅။ ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ကြော်ငြာသင်ပုန်း။
၆။ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ကြော်ငြာသင်ပုန်း၊ ညောင်ဦးမြို့။

**ရောင်းချရန်ကြော်ငြာ ပြန်သွင်းရမည့်နေ့ ၂၂.၁.၂၀၂၄**